University of Taxilaမှ ဖွင့်လှစ်သော အမေရိကန်နိုင်ငံ Fort Hays State University မှ ဘွဲ့ပေးအပ်မည့် Bachelor's Degree Program များနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များ။

1. University of Taxila သည် Fort Hays State University မှ ပေးအပ်သည့်ဘွဲ့ကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးခြင်း ဖြစ်သဖြင့် တက်ရောက်မည့် ကျောင်းသား/သူများသည် ပြည်တွင်းတွင် တက်ရောက်နိုင်သလို၊ အမေရိကန်နိုင်ငံရှိ Fort Hays State University သို့လည်း သွားရောက် တက်ရောက်နိုင်ပါသည်။
2. Fort Hays State University သို့ သွားရောက်တက်ရောက်မည်ဆိုပါက မြန်မာနိုင်ငံတွင် အနည်းဆုံး စာသင်နှစ်ဝက် (၁) ခု တက်ရောက်အောင်မြင်ပြီးစီးရန် လိုအပ်ပါသည်။ ထို့အပြင် အခြားလိုအပ်သော ဝင်ခွင့်သတ်မှတ်ချက်များ ပြည့်စုံပြီး နောက်ဆုံးကျောင်းလျှောက်ရက်မတိုင်မီ လျှောက်ထားမှသာ ပြောင်းရွှေ့တက်ရောက်နိုင်မည် ဖြစ်ပါသည်။
3. မြန်မာနိုင်ငံတွင် တက်ရောက်သော ကျောင်းသား/သူများ၏ ကျောင်းသားစာရင်း (student record) နှင့် ဒရက်ဒစ် (credits) များကို Fort Hays State University သို့သာ ပြောင်းရွှေ့နိုင်မည်ဖြစ်သည်။
4. အမေရိကန်နိုင်ငံမှ သင်ကြားပေးမည့် ပါမောက္ခများသည် Online (Synchronous သို့ Asynchronous) ဖြင့်သာ သင်ကြားပေးမည် ဖြစ်ပါသည်။ နောင်အခါတွင် အခြေအနေအပေါ်မူတည်၍ မြန်မာနိုင်ငံတွင် လူတွေ့ လာရောက်သင်ကြားနိုင်မည် ဖြစ်ပါသည်။
5. မြန်မာနိုင်ငံတွင်ဖွင့်လှစ်မည့် ဘွဲ့သင်တန်းကို ရန်ကုန်မြို့တွင် လူတွေ့တက်ရောက်နိုင်ပြီး၊ ရန်သူမျိုး (၅) ပါးကြောင့် ဖြစ်ပေါ်လာသော အခြေအနေများတွင် Online ဖြင့် ဆက်လက် သင်ကြားပို့ချပေးသွားမည် ဖြစ်ပါသည်။
6. ရန်သူမျိုး (၅) ပါးကြောင့် ဖြစ်ပေါ်လာသော အခြေအနေများတွင် ပေးသွင်းထားသော ကျောင်းလခများကို (တက်စီလာမှ အမှန်တကယ် ကျခံသုံးစွဲခဲ့မှုများကို ထုတ်နှုတ်၍) ကျန်ရှိကျောင်းလခများကို ပြန်လည် ပေးချေသွားမည် ဖြစ်ပါသည်။

7. တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအတွက် လိုအပ်သော အချက်အလက်များကို မှန်ကန်စွာ ဖြည့်သွင်းရန် လိုအပ်ပြီး ရည်ရွယ်ချက်ရှိစွာဖြင့် ထိမ်ချန်လိမ်လည်ဖြည့်သွင်းပါက ကျောင်းသား/သူအဖြစ်မှ ချက်ခြင်း ရပ်စဲခံရမည်။
8. ဘွဲ့ပညာသင်ဆုများ ရွေးချယ်ရာတွင် တက္ကသိုလ်ပညာသင်ဆုရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပြီး တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ဝင်ရောက်ပါဝင်ခြင်းမရှိဘဲ မည်သည့်အခြေအနေတွင်မှ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် ဝင်ရောက်စွက်ဖက်သွားမည် မဟုတ်ပါ။
9. တက္ကသိုလ်မှ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို သေချာစွာလိုက်နာရန် လိုအပ်ပြီး အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်ဖြစ်သည်။
10. တက္ကသိုလ်မှ ဝန်ထမ်းများ၊ ဆရာ/မများနှင့် ကျောင်းသား/သူများ အားလုံးအပေါ်တွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ လိင်နှင့် လိင်စိတ်ခံယူမှုများနှင့် စပ်လျဉ်း၍ ခွဲခြားဆက်ဆံခြင်း မရှိပါ။
11. တက္ကသိုလ်နှင့် ပညာသင်ရပ်ဝန်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်များအား တက္ကသိုလ်ပရဝုဏ်အတွင်း ဆောင်ရွက်ခြင်းမပြုရ။
12. အရက်၊ ဘီယာ၊ ဆေးလိပ်၊ E-Cigarette၊ မူးယစ်ဆေးဝါးနှင့် အခြားမူးယစ်စေသော ပစ္စည်းများအား တက္ကသိုလ်ပရဝုဏ်အတွင်းနှင့် ပတ်ဝန်းကျင်တွင် ယူဆောင်သုံးစွဲခြင်း မပြုရ။
13. ချွန်ထက်သော ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ ပေါက်ကွဲတတ်သော ပစ္စည်းများနှင့် တည်ဆဲဥပဒေနှင့် ဆန့်ကျင်သော စာရွက်စာတမ်းများနှင့် အခြားပစ္စည်းများအား ယူဆောင်လာခြင်း မပြုရ။


Building 15, Lan Thit Complex, Bhone Gyi Rd., Lanmadaw Tsp., Yangon, Myanmar, 11131
09 954 230 468 - 469
info@taxila.edu.mm
www.taxila.edu.mm